လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ February 2025

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌလူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီအဖွဲ့ဝင် များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နာယက များ၊ ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်မှ အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ခရိုင်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး

ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်၍ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရေးဆွဲခဲ့သည့် အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အနေဖြင့် မြန်မာနိုင်ငံ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကင်းဝေးလျော့ကျရေး၊ သဘာဝဘေးနှင့် အရေးပေါ်အခြေအနေများအပေါ် ပံ့ပိုး ဆောင်ရွက်ပေးရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားလာစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးများ၏ ဘဝရပ်တည်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍများတွင်သာမက နိုင်ငံတကာနှင့် ဒေသတွင်း အမျိုးသမီးအရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက် လျက်ရှိသည်ကို သိရှိရပါကြောင်း၊မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အနေဖြင့် ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံတကာ ကတိကဝတ်များ၊ အာဆီယံ လုပ်ငန်းစဉ်များတွင်လည်း အတူပူးပေါင်းဆောင်ရွက်ပေးလျက် ရှိသည်ကိုသိရှိရပြီး ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားစေရန်နှင့် ဝင်ငွေရအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတွက် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (၁၁) ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် သဘာဝဘေး၊ လူကြောင့်ဖြစ်သည့်ဘေးဖြစ်ပွားရာ ဒေသများတွင်ရှိသည့် ယာယီခိုလှုံရေးစခန်းနှင့် IDP Camp များမှ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက် ရှိပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီလမှ ဇန်နဝါရီလ အထိ အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်း သင်တန်းများကို ၁၇၆ ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး အလုပ်အကိုင်များ ချိတ်ဆက် ပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသမီးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသမီး အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့ အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှုသည် အရေးကြီးသည်ကို တွေ့ရှိရပါသဖြင့် အားလုံး ဝိုင်းဝန်းပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားလိုပါကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင်လည်း အားလုံး တက်ကြွစွာပါဝင်ဆွေးနွေးပြီး ကောင်းမွန်သည့် ရလဒ်ကောင်းများ ရရှိစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၏ အကောင်အထည်ဖော်ဆောင်ရွက် ခဲ့သည့် လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ပြသခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုအပေါ် ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် အထူးဆုရရှိသည့် ကချင်ပြည်နယ် တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ

အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ များကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ (၁) တို့က သဘာပတိ အဖြစ် ဆောင်ရွက်ကာ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီး ရေးရာအဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြကြရာ တင်ပြချက်များ အပေါ် သဘာပတိများက ပြန်လည်သုံးသပ်ဆွေးနွေး ခဲ့ပါသည်။ အဆိုပါ နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ပါ သည်။

## တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်းသော တုံ့ပြန်မှု (One ASEAN One Response-OAOR Roadshow) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ





**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် AHA Centre တို့ပူးပေါင်း၍ “တစ်ခုတည်းသော အာဆီယံ၊ တစ်ခု တည်းသောတုံ့ပြန်မှု (One ASEAN One Response-OAOR Roadshow) အလုပ်ရုံဆွေးနွေးပွဲ” ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် နေပြည်တော်၊ Park Royal Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကားကို Video Message ဖြင့် ပြောကြားရာတွင် One ASEAN One Response ကြေညာစာတမ်းကို အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (ASEAN Committee on Disaster Management- ACDM) နှင့် AHA Centre တို့က အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများမှ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်များတွင် ပါဝင်ဆောင်ရွက် နေကြ သည့် အစိုးရနှင့်အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ အားလုံး ဘေးတုံ့ပြန်ရေးလုပ်ငန်းများကို ရင်းနှီးကျွမ်းဝင် စွာဖြင့် စနစ်တကျလုပ်ဆောင်နိုင်ရေးသည် အရေးကြီး သဖြင့် ယခု OAOR Roadshow ကို ကျင်းပခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် မကြာသေးမီနှစ်များ အတွင်း ဖြစ်ပွားခဲ့သည့် ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်စဉ်များတွင် နိုင်ငံတော်မှ ထိရောက်သည့် တုံ့ပြန်ရေးလုပ်ငန်းများ၊ စီမံခန့်ခွဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် အာဆီယံသည် AHA Centre မှတစ်ဆင့် ဘေးသင့်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ သတင်း အချက်အလက်နှင့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး

ခြင်းများအတွက် နိုင်ငံတော်နှင့် ဘေးသင့်သူများ ကိုယ်စား ကျေးဇူးတင်ပါကြောင်းနှင့် အဆိုပါ ပူးပေါင်း ဆောင်ရွက်မှုသည် အာဆီယံ၏ One ASEAN One Response ကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်း ပင်ဖြစ် ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက မြန်မာနိုင်ငံ၏ သဘာဝဘေး အန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ် အားလည်းကောင်း၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက အာဆီယံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ် တုံ့ပြန်ရေးဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ အားလည်းကောင်း၊ AHA Centre က အရေးပေါ် တုံ့ပြန်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံက ရေးဆွဲထားရှိသော စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ (SASOP) အားလည်းကောင်း၊ အာဆီယံ ဆက်ဆံရေးရုံးနှင့် အင်ဒိုနီးရှားနိုင်ငံ UNOCHA က အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN-ERAT) နှင့် ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် ဆန်းစစ်လေ့လာ ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (UNDAC) အဖွဲ့တို့ ၏ လုပ်ငန်းဆောင်ရွက်မှုအားလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက် လာသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြပါသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးစိုးကြည်က နိဂုံးချုပ် အမှာစကားပြောကြား၍ ရုပ်သိမ်းခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ကိုယ်စားလှယ် များ၊ လူမှုရေးအသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံရုံးများမှ ကိုယ်စားလှယ် များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာ အကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre)၊ UNOCHA ၏ အာဆီယံဆက်ဆံရေးရုံးနှင့် အင်ဒိုနီးရှား နိုင်ငံရုံးအကြီးအကဲနှင့် အရပ်ဘက်လူမှုရေး အသင်း အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိပါသည်။

## ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု(၇၇)နှစ်မြောက် အထိမ်းအမှတ်ဆွေးနွေးပွဲသို့တက်ရောက် အမှာစကားပြောကြား




**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်** **နေပြည်တော်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၇) နှစ်မြောက် အထိမ်းအမှတ်အဖြစ် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းသည် Video Conferening စနစ်ဖြင့် ပါဝင်တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၇) နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူသားအားလုံး သာတူညီမျှရှိပြီးရေရှည်တည်တံ့သော လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်ဖြင့် လူမှုစီးပွားဘဝ မြင့်တင်မှုမှတစ်ဆင့် ဘေးကင်းလုံခြုံပြီး ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် လူ့အဖွဲ့အစည်းဖြစ်လာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံသည် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုကြောင့် သဘာဝဘေးအန္တရာယ်များကို တွေ့ကြုံခံစားနေရပြီး သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရန် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် အသီးသီးပြဋ္ဌာန်းခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ဥက္ကဋ္ဌ အဖြစ် ဦးဆောင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (National Disaster Management Committee-NDMC) နှင့် ရပ်ကွက်/ ကျေးရွာအုပ်စုအထိ အဆင့်ဆင့်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းထားကြောင်း၊ ထိရောက်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို နည်းပါးသက်သာစေနိုင်သည့်အပြင် ဘေးဒဏ်ကိုပိုမိုခံနိုင်ရည်ရှိသော အသိုက်အဝန်းများ အဖြစ် ဖြစ်ပေါ်လာစေနိုင်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ကြိုတင်ခန့်မှန်းချက်ရယူနိုင်သော သဘာဝဘေးများအတွက် ကြိုတင် သတိပေးချက်များ ပေးပို့နိုင်သည့် Myanmar Disaster Alert Mobile Application ကို ရေးဆွဲထားပြီး ဖြစ်သကဲ့သို့ ပုံမှန်ဆက်သွယ်ရေး ကွန်ရက်များ သဘာဝဘေးဆိုင်ရာ အရေးပေါ် အခြေအနေကြောင့် ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရပါက အရန်ဆက်သွယ်ရေးစနစ်အဖြစ် Single Side Band (SSB) များကို သဘာဝဘေး မကြာခဏဖြစ်ပွားတတ်သည့် နေရာများတွင် အသင့်တပ်ဆင်ပေးထားပါကြောင်း၊ထိရောက်သည့်အရေးပေါ် အခြေအနေ စီမံခန့်ခွဲမှုဖြစ်စေရန် အစိုးရ၊ ဒေသတွင်း အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအခန်းကဏ္ဍ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် မိတ်ဆွေနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်၊ မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ်၊ တိုင်ဖွန်းရာဂီ၏ သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်စဉ်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရ၏ လူသားချင်းစာနာ ထောက်ပံ့မှု အကူအညီပေးခဲ့မှုများကို မှတ်တမ်းပြု ကျေးဇူးတင်ပါကြောင်း၊ ရှေ့လာမည့်နှစ်များတွင်လည်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍများ၌ ချစ်ကြည်ရင်းနှီးမှု နှင့် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြား ခဲ့ပါသည်။

အခမ်းအနားတွင်ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီး Mr. Iskander K. Azizov တို့ကလည်း ကြိုဆို နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားခဲ့ပါသည်။အထိမ်းအမှတ်နေ့ဆွေးနွေးပွဲသို့ ပြည်ထဲရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့နှင့် စိန့်ပီတာစဘတ်မြို့ရှိ မြန်မာကျောင်းသားများ၊ရုရှားနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်တက္ကသိုလ်များမှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့ပါသည်။ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဖိတ်ကြားထားသောကိုယ်စားလှယ်များက ကဏ္ဍအလိုက်လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့ကြပြီး၊ တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## "ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း" ဆင်းပွဲအခမ်းအနားကျင်းပ




**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်** **နေပြည်တော်**

ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများသို့ ဖြင့်လှစ်ပို့ချပေးမည့် "ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း" ဆင်းပွဲ အခမ်းအနားကို နေပြည်တော်၊ Hotel Amara ၊ Fantastic Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၂၁၀၆၊ အပိုဒ် (၁၀)အရ အကောင်အထည်ဖော်ရမည့် အချက်(၃)ချက်နှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂကိုယ်စား လှယ်တို့၏ ပူးတွဲကြေညာချက်ပါ ဦးစားပေးကဏ္ဍ (၆)ရပ် အပေါ်မူတည်ပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်း

များအနေဖြင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် အသိပညာ၊ ဗဟုသုတများရရှိပြီး လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်ပါကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် တစ်နှစ်တာ ပထမသက်တမ်း အကောင်အထည်ဖော်မှုကို ၂၀၂၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စတုတ္ထသက်တမ်းကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊အကောင်အထည်ဖော်ရာမှာပဋိပက္ခအတွင်း အမျိုးသမီး၊ အမျိုးသား၊ ကလေးသူငယ်တို့အပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းအစီအမံများချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှု များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကုလသမဂ္ဂရုံးသို့ပေးပို့ပြီး နိုင်ငံတကာသိရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းတွင် ဆွေးနွေးသည့်ဘာသာရပ်များသည် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ များစွာအထောက်အကူပြု ပါကြောင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်းမှာလည်း ဆရာဖြစ် သင်တန်းဖွင့်လှစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များမှသက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ၏ ဝန်ထမ်းများကို ဆင့်ပွားသင်တန်းပေးရန်စီစဉ်ထားပါကြောင်း ပြောကြားခဲ့ပါသည်။

သင်တန်းသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ သင်တန်းသား/ သင်တန်းသူ (၃၀)ဦး ပါဝင်တက်ရောက်ကြပြီး သင်တန်းကာလ(၃) ရက်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးကြည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ**



**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစိုးကြည်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque အား ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် ဝန်ကြီးဌာန၊ဧည့်ခန်းမ၌လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ICRC တို့အကြား မိုင်းအန္တရာယ်ဂရုပြုရေးနှင့် ဘေးကင်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ ယင်းလုပ်ငန်းနယ်ပယ်ရှိဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ပေးရေး၊ ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများအား အကူအညီပေးနိုင်ရေးကိစ္စများ၊ မိုင်းဒဏ်သင့် ပြည်သူ များအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်ဦးနှစ်ဖက် ပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် ICRC ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

## CMIS (GBV) Software စနစ် စမ်းသပ်အသုံးပြုခြင်းသင်တန်းနှင့် လက်တွေ့အသုံးပြုခြင်း သင်တန်းဖွင့်ပွဲကျင်းပ



CMIS(GBV) Software စနစ် စမ်းသပ် အသုံးပြုခြင်းသင်တန်းနှင့် လက်တွေ့အသုံးပြုခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလတွင် Grand Amara Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက အဖွင့်အမှာစကားပြောကြားရာတွင် လူမှုဝန်ထမ်းဦးစီးဌာနသည်လုပ်ငန်းကြီး(၇)ရပ်ကို အကောင်အထည် ဖော်ဆောင်လျက်ရှိရာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ အမျိုးသမီးများအတွက် ကြိုတင်ကာကွယ်ရေးအနေဖြင့် ပြည်သူများအား အသိပညာပေးခြင်း၊ ကျား၊ မ တန်းတူညီမျှစေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင် ဆောင်ရွက်ခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုမဖြစ် ပေါ်အောင် ကြိုတင်ကာကွယ်ရေးအနေဖြင့် စာသင်ကျောင်းများတွင် ဟောပြောပွဲများ ကျင်းပခြင်း၊ ရပ်ရွာအတွင်းရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်စေရန် အိမ်တွင်းမှု အသက်မွေးပညာများ သင်ကြားပေးခြင်း၊ ပြဋ္ဌာန်းထားသော ဥပဒေများကို ပြည်သူများအားလုံး သိရှိလိုက်နာစေရန် သက်ဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ကာကွယ်စောင့် ရှောက်ရန်လိုအပ်သည့် အမျိုးသမီးနှင့်မိန်းကလေးငယ်များကိုသင်တန်းကျောင်းအခြေပြုနှင့်ရပ်ရွာ အခြေပြုဟူ၍ နည်းလမ်းနှစ်သွယ်ဖြင့် အကာအကွယ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) သတင်း နည်းပညာဌာန

၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် SMIS Software ရေးဆွဲခဲ့ပြီး အဆိုပါစနစ်တွင် CMIS (GBV)Sofware စနစ်တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှု အစီအစဉ်တွင် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်အရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၊ ဥပဒေနှင့်ငြိစွန်းလျက်ရှိသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်ခံ ရခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်း ခံရသော ကလေးသူငယ်များ၊ လူကုန်ကူး ခံရသော ကလေးသူငယ်များအပါအဝင် အထူးစောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၊ မသန်စွမ်းကလေးသူငယ်များ၏ အချက်အလက်များအား ဖြည့်သွင်းနိုင်ရန် သင်တန်းပေးခဲ့ပြီး အသုံးပြုလျက်ရှိပြီးဖြစ်ပါကြောင်း၊ ယခုအခါ ကျား၊ မ အခြေပြု အကြမ်းဖက်မှု (Gender Based Violence-GBV) ဖြစ်ရပ်များကို CMIS Software Digital Platform အောက်တွင် ထည့်သွင်းပြီးဖြစ်သဖြင့် CMIS Database (GBV Case) ပထမအကြိမ် စမ်းသပ်အသုံးပြုခြင်း သင်တန်းကို ၂၀-၁၂-၂၀၂၄ ရက်မှ၂၂-၁၂-၂၀၂၄ ရက်ထိ လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)တွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ သင်တန်းတွင် တွေ့ရှိ ခဲ့တဲ့ Error များကို ပြင်ဆင်ခြင်း၊ လိုအပ်သည်များ ထပ်မံထည့်သွင်းခြင်းများ ဆောင်ရွက်ထားရှိပြီး ယခုအခါ ဒုတိယအကြိမ် စမ်းသပ်အသုံးပြုခြင်းသင်တန်းနှင့် လက်တွေ့ အသုံးပြုခြင်း သင်တန်းကို ဖွင့်လှစ်သွားမှာ ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



ဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ တပ်မတော်(ကြည်း၊ရေ၊လေ) သတင်းနည်းပညာဌာနမှ တာဝန်ရှိသူများ၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှု (Gender Based Violence-GBV) ဖြစ်ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသူ/ သင်တန်းသား (၅၀)ဦးတက် ရောက်ခဲ့ပြီး သင် တန်းကို ၁၇-၂-၂၀၂၅ ရက်မှ ၂၂-၂-၂၀၂၅ ရက်ထိ ၆ ရက်တာ ကျင်းပ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**CMIS (GBV) Software စနစ် စမ်းသပ်အသုံးပြုခြင်းသင်တန်းနှင့် လက်တွေ့ အသုံးပြုခြင်းသင်တန်းဖွင့်ပွဲကျင်းပ**



မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဦးဆောင်၍ မြန်မာရိုးရာ ထမနဲထိုးပွဲကို ၁၁.၂.၂၅ ရက်တွင် ချမ်းအေးသာဇံမြို့နယ်၊ အမှတ်(၁) မူလတန်းကြိုကျောင်း၊ မိတ္ထီလာခရိုင် လူမှုဝန်ထမ်း ဦးစီးမှူးရုံးလက်အောက်ရှိ မိတ္ထီလာမူလတန်းကြိုကျောင်းတို့တွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ သားငယ်၊ သမီးငယ်များအား မြန်မာနိုင်ငံ၏ (၁၂) လရာသီများမှ တပို့တွဲလတွင် ထမနဲထိုးခြင်းရိုးရာ ဓလေ့ရှိကြောင်း သိရှိစေရန် ရည်ရွယ်၍ ဆရာမများ၊ မိဘ၊ ဆရာအသင်း အဖွဲ့ဝင်များ စုပေါင်း၍ ထမနဲထိုးခြင်းအား လက်တွေ့ပြသခဲ့ပါသည်။

အလားတူဧရာဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးမှ ဦးဆောင်၍ မြန်မာ့ရိုးရာထမနဲထိုးပွဲကို ၁၁-၂-၂၀၂၅ ရက်တွင် ပုသိမ်မြို့ကလေးပြုစုရေးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးလူမှု ဝန်ထမ်းရုံး၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ ပုသိမ်မူလတန်းကြိုကျောင်းများမှ ဝန်ထမ်းများ၊ ပုသိမ်ကလေးပြုစုရေးဌာနတွင် လက်ခံပြုစုစောင့်ရှောက်ထားသော ကလေးများနှင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

## မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲကျင်းပခြင်း



၁၃.၂.၂၀၂၅ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံကလေးများနေ့ကို ဂုဏ်ပြုသောအားဖြင့် **“မြန်မာနိုင်ငံ ကလေးများနေ့”** အခမ်းအနားအား မကွေးတိုင်းဒေသကြီး ကြီးကြပ်မှုအောက်ရှိ မူလတန်းကြိုကျောင်း (၈) ကျောင်း၊ မင်းဘူးခရိုင် ကြီးကြပ်မှုအောက်ရှိ မူလတန်းကြိုကျောင်း (၁) ကျောင်း၊ သရက်ခရိုင် ကြီးကြပ်မှုအောက်ရှိ မူလတန်းကြိုကျောင်း (၃) ကျောင်းနှင့် ပခုက္ကူခရိုင် ကြီးကြပ်မှုအောက်ရှိ မူလတန်းကြိုကျောင်း (၂) ကျောင်း၊ စုစုပေါင်း မူလတန်းကြိုကျောင်း (၁၄) ကျောင်းတို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဝန်ထမ်းများ၊ ကျောင်းသားမိဘများ၊ ကလေးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ပါသည်။

အလားတူ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်အတွင်းရှိ မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး၏ ကြီးကြပ်မှုအောက်တွင် ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းများတွင် မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်မှု အခမ်းအနားများကိုကျင်းပခဲ့ပါသည်။သက်ဆိုင်ရာမူလတန်းကြိုကျောင်းများအလိုက် ဥာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်း၊ ကလေးများမှ ဖျော်ဖြေတင်ဆက်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကာ ကလေးများအား မုန့်နှင့်အအေးများ ဝေငှခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၏ ကြီးကြပ်မှုအောက်ရှိ မန္တလေး လူငယ်သင်တန်းကျောင်းဝန်းတွင် အိပ်ဆောင်များအလိုက် သုံးချောင်းထောက်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများကျင်းပခဲ့ပြီး ဆုရရှိသူများအားဆုများ ချီးမြှင့်ခဲ့ပါသည်။ မန္တလေးမြို့၊ အမှတ်(၁) မူလတန်းကြိုကျောင်းတွင်လည်း မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားအား ကလေး(၃၃၅) ဦးဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ၍ဆုများ ချီးမြှင့်ခြင်း၊ မုန့်ထုပ်များ ဝေငှခြင်းနှင့် မောင်စုဝ (၄)နှစ်ပြည့် မွေးနေ့အဖြစ် ကလေးများအား နံနက် စာထမင်း၊ ဘူးသီးဟင်းရည်နှင့် ငါးခြစ်ဆီပြန်ဟင်းတို့ဖြင့် အာဟာရဒါန ကျွေးမွေးခဲ့ပါသည်။ ထို့ပြင် ပြင်ဦးလွင်ခရိုင်၊ လူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ ဇီးပင်ကြီးမူလတန်းကြိုကျောင်းမှ ကလေး (၁၀၀) ဦး၊ ပြင်ဦးလွင် မူလတန်းကြိုကျောင်းမှ ကလေး (၉၆)ဦးတို့ဖြင့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားအား ပျော်ရွှင်စွာကျင်းပပြုလုပ်

ခဲ့ပါသည်။ဆက်လက်ပြီးရမည်းသင်းခရိုင်လူမှုဝန်ထမ်း ရုံးလက်အောက်ရှိ ရမည်းသင်း မူလတန်းကြိုကျောင်းတွင် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲကို ကလေး (၉၇) ဦးဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပါသည်။

## အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေး အလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးအလုပ်ရုံဆွေးနွေးပွဲ နှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (မန္တလေးတိုင်းဒေသကြီး)



မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ၇-၂-၂၀၂၅ ရက်၊ နေ့လယ် ၁၄:၀၀ နာရီတွင် ကျင်းပပြုလုပ်သော အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံသောကလေးအလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအဆင့်(၁)ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ (၂)ကြိမ်နှင့် ခရိုင်(၇)ခုတွင် အသိပညာပေးဟောပြောပွဲများအား (၁)ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး တိုင်းအစိုးရ ရန်ပုံငွေဖြင့် စီမံချက်မြို့နယ်များမှ ကလေးသူငယ် (၄၅)ဦးအား စုစုပေါင်းငွေကျပ်သန်း (၃.၀၄၅) သန်း ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီးပြန်လည်ထူထောင်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် အ.ထ.က(၃၈)ညောင်ကွဲတွင် အတန်းပညာ သင်ကြားနေသော ကလေးသူငယ် (၂၀) ဦးအား (၁)ဦးလျှင် ငွေကျပ်-၅၀,၀၀၀/နှုန်းဖြင့် ၂၀၂၄-၂၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်နိုင်ခဲ့ရာ ၂၀၂၅-၂၆ ဘဏ္ဍာရေးနှစ်တွင်လည်း ရန်ပုံငွေခွဲဝေ ချထားပေးပါက ဆက်လက်ထောက်ပံ့ပေးအပ်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် တက်ရောက် လာကြသော ကော်မတီအဖွဲ့ဝင်များမှ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သတ်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအား ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ လူမှုဝန်ထမ်းဦးစီးဌာန (နေပြည်တော်) တွင် ကျင်းပပြုလုပ်သောလုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအရ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးမှ ဝန်ထမ်းများအား စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်နိုင်ရေး၊ ရုံးလုပ်ငန်းလက်စွဲပါ ညွှန်ကြားချက်များအရ ရုံးစာရေးသားရာတွင်ပြီးပြည့်စုံသော ရုံးလုပ်ငန်းဖြစ်စေရေးအတွက် သတ်မှတ်ထားရှိသော အဆင့် (၅) ဆင့်နှင့်အညီ လုပ်ကိုင်ဆောင်ရွက် နိုင်ရေး၊ ဝန်ထမ်းများ ကိုယ်ရည်ကိုယ်သွေးတိုးတက် စေရေးအတွက် ဝန်ကြီးဌာန ရည်ရွယ်ချက်များ၊ မူဝါဒများ၊ ဦးစီးဌာန ရည်ရွယ်ချက်များ၊ မူဝါဒများနှင့်အညီ မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းနယ်ပယ် အသီးသီးအလိုက် ကျွမ်းကျင်ပိုင်နိုင်စေရေး၊ ဘဏ္ဍာငွေများအား အနုတ်အသုံးစရိတ် နည်းပါးစေရေးနှင့် ၇.၃.၂၀၂၅ ရက် နောက်ဆုံးထား၍ ပိုလျှံငွေပြန်လည် အပ်နှံနိုင်ရေးတို့အတွက် သက်ဆိုင်ရာငွေထုတ်သူ အရာရှိများအနေနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီလိုက်နာဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး အစည်းအဝေးအား ညနေ ၁၇:၃၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## လူမှုဝန်ထမ်းဦးစီးဌာနနှင့် (MOU)လက်မှတ်ရေးထိုးထားရှိသော (INGOs) အဖွဲ့အစည်း များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး



လူမှုဝန်ထမ်းဦးစီးဌာနနှင့် (MoU) လက်မှတ်ရေးထိုးထားရှိသော (INGOs) အဖွဲ့အစည်းများနှင့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးအား ၁၄.၂.၂၀၂၅ ခုနှစ်၊ နံနက် ၉:၀၀ နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်း ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ် ခဲ့ပါသည်။

အဆိုပါအစည်းအဝေး၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် (MOU) လက်မှတ်ရေးထိုးထားရှိသော (INGOs) အဖွဲ့အစည်းများမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သတ်မှတ်ထားသော နယ်မြေများအတွင်း လုပ်ငန်းဆောင်ရွက်ချက်များအား တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် လူမှုဝန်ထမ်းရုံးများသို့လစဉ် (မပျက်မကွက်) လုပ်ငန်းအစီရင်ခံစာ ပေးပို့သွားရန်နှင့် မိမိတို့ လုပ်ငန်းဆောင်ရွက်မှုတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်သွားရန်၊ မိမိတို့၏ သတ်မှတ် ထားရှိသော လုပ်ငန်းနယ်ပယ်များတွင် လက်တွဲဆောင်ရွက်နေသော (NGOs) အဖွဲ့များသည်လည်း ပြည်ထောင်စုအဆင့် (သို့မဟုတ်)တိုင်းဒေသကြီးအဆင့် အသင်းအဖွဲ့မှတ်ပုံတင်ထားရှိသော အဖွဲ့အစည်းများဖြစ်ရန် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအား နေ့လယ်ပိုင်းတွင် ရုတ်သိမ်းခဲ့ပါသည်။

## ရေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး





ဧရာဝတီတိုင်းဒေသကြီး၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို၂၃.၂.၂၀၂၅ ရက်တွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ဧရာဝတီတိုင်းဒေသကြီး၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးဖွံ့ဖြိုးရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းကြီးကြပ်အဖွဲ့ ဥက္ကဋ္ဌ၊ လူမှုရေးရာ ဝန်ကြီးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များမှ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက် ရှိသောလုပ်ငန်းများနှင့် ပတ်သက်၍ မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေးများအား ပြန်လည်သတ်မှတ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရေးများကိုဆွေးနွေးခဲ့ကြပါသည်။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ရွာအခြေပြု ကျားရုပ်အဆင့်မြင့် (စက်ချုပ်သင်တန်းဆင်းပွဲ)



အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ရွာအခြေပြု ကျားရုပ်(အဆင့်မြင့်)စက်ချုပ်သင်တန်းအား ၃-၂-၂၀၂၅ ရက်မှ ၂၈-၂-၂၀၂၅ ရက်ထိ သင်တန်းသား (၂၀)ဦး ဖြင့် ဖွင့်လှစ်သင်ကြားခဲ့ပါသည်။ အဆိုပါ သင်တန်းဆင်းပွဲအား (၂၈.၂.၂၀၂၅) ရက်၊ နံနက် (၁၀:၀၀) နာရီ အချိန်တွင် သင်တန်းပြုလုပ်ရာမန္တလေးလူငယ်သင်တန်းကျောင်း၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ်နှင့်ဝန်ထမ်းများ၊ မန္တလေးလူငယ် သင်တန်းကျောင်းမှလက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ဇင်ထွန်းနှင့် ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၂၈)ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ပင်းတယမြို့နယ်၊ တာချီလိတ်မြို့နယ်ရှိ ကျေးရွာများနှင့် မိုင်းပျဉ်းမြို့နယ် တို့တွင် သက်ဆိုင်ရာတာဝန်ရှိသူများသည် ဆရာ/ဆရာမများ၊ကျောင်းသား/ကျောင်းသူများ၊ရွာသူ/ရွာသားများ စုစုပေါင်း(၂၁၆၈)ဦးတို့အား သဘာဝဘေးနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေးဟော ပြောခြင်း၊ နံရံကပ်ပိုစတာနှင့် ဗီးနိုင်းပိုစတာများဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လေပြင်းဘေးကြိုတင်ပြင်ဆင်မှုပြုလုပ်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့မှ(၂၈)ရက်နေ့အထိမြောင်းမြခရိုင်ဦးစီးမှူးရုံး

မှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီးရှိ အိမ်မဲမြို့နယ်၊ တကောကျေးရွာအုပ်စု၊ ရိုးကြီးကျေးရွာ၊ တကောကျေးရွာအုပ်စု၊ ကံစုကျေးရွာ၊ ပါရမီဒေါင့်ကျေးရွာအုပ်စု၊ တရုတ်ပိုင်းကျေးရွာ၊ ကျုံခရီပိုင်းကျေးရွာ၊ ရေသိုးချောင်းဝကျေးရွာ၊ ဘုရားကြီးကုန်းကျေးရွာအုပ်စု၊ ရေသိုးစာဖြူစုကျေးရွာ၊ ဆပ်ကွင်းကျေးရွာ၊ ဆင်းဆပ်ကျေးရွာတို့၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိ မင်းဘူး(စကု)မြို့နယ်၊ မန်းကျိုးကျေးရွာအုပ်စု၊ ထုံးမကြီးကျေးရွာနှင့် ပေါက်ငူကျေးရွာအုပ်စု၊ ပေါက်လေးပင်ကျေးရွာတို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ လည်းကူးခရိုင်၊ လည်းကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အစည်းအဝေးခန်းနှင့် တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ မြို့နယ်အစည်းအဝေးခန်းမတို့၌ လည်းကောင်း သက်ကြီးရွယ်အို၊ အမျိုးသမီး ဦးဆောင်သည့်အိမ်၊ မသန်စွမ်း၊ လူဦးရေများပြီး ဆင်းရဲနွမ်းပါးသည့် နေအိမ်များအား ဦးစားပေးရွေးချယ်၍ လေပြင်းဘေး ကြိုတင်ကာကွယ်ရေးအတွက် အားဖြည့်မွမ်းမံပြင်ဆင် ခြင်းလုပ်ငန်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မီးသတ်တပ်ဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ သစ္စာရှင်ပရဟိတအဖွဲ့၊ ပြည်သူလူထုများ နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း သင်တန်းဖွင့်လှစ်ခြင်း



(၂၃-၁-၂၀၂၅) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ တကောကျေးရွာအုပ်စု၊ တကောကျေးရွာရှိ သက်ကြီးရွယ်အို၊ အမျိုးသမီးဦးဆောင်သည့်အိမ်၊ မသန်စွမ်း၊ လူဦးရေများပြီး ဆင်းရဲနွမ်းပါးသည့် မိသားစုနေအိမ်များအား ဦးစားပေးရွေးချယ်ပြီး လေပြင်းဘေး ကြိုတင်ကာကွယ်ရေးအတွက် အားဖြည့်မွမ်းမံ ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး သဘာဝဘေးနှင့် ပတ်သက်သော ဆောင်ရန်/ ရှောင်ရန် အချက်များ၊ မီးခိုးညစ်ညမ်းမှု၊ တောမီးအန္တရာယ်နှင့် ပလပ်စတစ်ညစ်ညမ်းမှုတို့နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား ဆွေးနွေးပို့ချခဲ့ပါသည်။



မြောင်းမြခရိုင်ဦးစီးမှူးရုံးနှင့် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊အ.ထ.က(၁)၊ပညာရတနာခန်းမတွင် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့်

စဉ်ဆက်ပညာရေးလုပ်ငန်းမြို့နယ် (၂၆) မြို့နယ်၊ မြို့နယ်အဆင့် ဆင့်ပွားသင်တန်း၌ ဆရာ/ ဆရာမ (၁၂၀) ဦးတို့အား သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အကြောင်းအရာများနှင့် ဦးစီးဌာနမှ ဆောင်ရွက်နေသောလုပ်ငန်းများ၊ ထောက်ပံ့ပေးမှုများ၊ သဘာဝဘေးနှင့်ပတ်သက်သော ဆောင်ရန်/ ရှောင်ရန် အချက်များ၊ မီးခိုးညစ်ညမ်းမှု၊ တောမီးအန္တရာယ်နှင့် ပလပ်စတစ် ညစ်ညမ်းမှုအကြောင်းတို့ကို (၃-၁-၂၀၂၅) ရက်နေ့တွင် ဆွေးနွေးပို့ချခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မီးဘေးထောက်ပံ့ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၂၈)ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးရှိ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၆) ရပ်ကွက်၊ အင်းစိန် မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ ဒလ မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်တို့၌ လည်းကောင်း၊ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနား ခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ရွှေကြာပင်ရပ်ကွက်၊ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ အေးချမ်းသာစံပြ ကျေးရွာ၊ အမှတ်(၁)ရပ်ကွက်၊ ဥတ္တရခရိုင်၊ နှယ်ရစ် ကျေးရွာအုပ်စု၊ လေးအိမ်စုကျေးရွာတို့၌လည်းကောင်း၊ မွန်ပြည်နယ်ရှိ သံဖြူဇရပ်မြို့နယ်၊ အောင်သာယာရပ်ကွက်၌လည်းကောင်း၊ပဲခူးတိုင်းဒေသကြီးရှိသာယာဝတီ ခရိုင်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာကျေးရွာ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ ရမည်းသင်း မြို့နယ်၊ တောင်ကန်ကြီးကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊နယ်မြေ(၁၄)၊ပျော်ဘွယ်မြို့နယ်၊ ဝါးရုံကျေးရွာ၊ အရာတော်ကျေးရွာအုပ်စု၊ ခင်သာအရှေ့ ကျေးရွာ၊ သာစည်မြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ပြည်ကြီး တံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရပ်ကွက်၊ ချမ်းမြ သာယာရပ်ကွက်၊ တံတားဦးမြို့နယ်၊ အမှတ်(၂) ရက်ကွက်၊ ပုဏ္ဏားကုန်းရပ်၊ ဝမ်းတွင်းမြို့နယ်၊ ဝမ်းတွင်း (၁)ရပ်ကွက်၊ ပင်တလဲကျေးရွာ၊ စက်မှုကွက်သစ်၊ ပုသိမ်ကြီးမြို့နယ်၊လက်သစ်ကျေးရွာ၊ဇီးချိုကုန်းကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ ပန်းခွာကျေးရွာ၊ ချမ်းအေးသာစံ မြို့နယ်၊ အရှေ့ရပ်တို့၌လည်းကောင်း၊ မကွေးတိုင်း ဒေသကြီးရှိ ပခုက္ကူမြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ တောင်တွင်းကြီးမြို့နယ်၊ ဇီးတောကျေးရွာ၊ နတ်မောက် မြို့နယ်၊ သစ်လှကျင်းကျေးရွာတို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ကျိုင်းတုံ မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ နောင်လိတ်ရပ်၌လည်းကောင်း ဘေးသင့်ပြည်သူ လူဦးရေ (၂၃၁)ဦးတို့အတွက် ဆန်ရိက္ခာ၊ကယ်ဆယ်ရေး ပစ္စည်း(၁၆)မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ တို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင် ဦးစီးမှူးများမှ သွားရောက် ထောက်ပံ့ခဲ့ကြပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကမ်းပြိုဘေးထောက်ပံ့ခြင်း

(၄-၂-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်း ဒေသကြီး၊ လေးမျက်နှာမြို့နယ်၌ ကမ်းပြိုခဲ့မှုကြောင့် ကြိုတင်ဖျက်သိမ်းလူနေအိမ် (၁၉)လုံး အတွက် ပြောင်းရွှေ့ စရိတ်ထောက်ပံ့ငွေ ကျပ် (၁,၉၀၀,၀၀၀/-)၊

ဘေးသင့်လူဦးရေ (၇၃) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၅၃,၃၀၀၀/-) အား (၆-၂-၂၀၂၅) ရက်နေ့တွင် ဟသ်ာတခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ထူးခြားဖြစ်စဉ်ထောက်ပံ့ခြင်း

**(၁၅-၅-၂၀၂၄)** ရက်နေ့မှ **(၁၀-၁၂-၂၀၂၄)** ရက်နေ့ အထိ ကယားပြည်နယ်၊ လွိုင်ကော် မြို့နယ်အတွင်း အကြမ်းဖက် သောင်းကျန်းသူများထောင်ထားသည့် မိုင်းအား နင်းမိ၍ ဒဏ်ရာရရှိသူ **(၁)** ဦးအတွက် ဒဏ်ရာ ရထောက်ပံ့ငွေကျပ် **(၅၀,၀၀၀/-)** အား **(၃-၂-၂၀၂၅)** ရက်နေ့တွင် ကယားပြည်နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

**(၃-၂-၂၀၂၅)** ရက်နေ့တွင် ရောဝတီတိုင်း ဒေသကြီး၊ မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ နေရပ်စွန့်ခွာပြည်သူ (၁၉၉) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃,၉၈၀,၀၀၀/-)မအူပင်မြို့နယ်ဦးစီးမှူးရုံးမှသွားရောက် ထောက်ပံ့ခဲ့ပါသည်။

**(၂၀-၂-၂၀၂၅)** ရက်နေ့တွင် ရောဝတီတိုင်း ဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ် အတွင်းရှိ ကျေးရွာများ၌ တိုက်ပွဲရှောင်ပြည်သူ (၂၃၆) ဦး၊ အမှတ် (၂) ရပ်ကွက်နှင့် အမှတ် (၃)ရပ်ကွက်တို့၌ နေရပ်စွန့်ခွာ ပြည်သူ (၄၇) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၅,၆၆၀,၀၀၀/-) အား သာပေါင်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



**(၂၁-၂-၂၀၂၅)** ရက်နေ့တွင် ရောဝတီတိုင်း ဒေသကြီး၊ ဟသ်ာတမြို့နယ်အတွင်း၌ တိုက်ပွဲရှောင် ပြည်သူ (၄၃၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၈,၇၀၀,၀၀၀/-) အား ဟသ်ာတခရိုင် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။ မြန်အောင် မြို့နယ်အတွင်း၌ တိုက်ပွဲ ရှောင်ပြည်သူ (၃၁၃) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆,၂၆၀,၀၀၀/-) အား မြန်အောင်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



**(၂၂-၂-၂၀၂၅)** ရက်နေ့တွင် ရောဝတီတိုင်း ဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း၌ တိုက်ပွဲရှောင် ပြည်သူ (၁၂၀၀) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၂၄,၀၀၀,၀၀၀/-) အား ဟသ်ာတခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

**(၂၃-၂-၂၀၂၅)** ရက်နေ့တွင် ရောဝတီတိုင်း ဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေနဒီခန်းမ၌ အကြမ်းဖက် ဖြစ်စဉ်များကြောင့် နေရပ် စွန့်ခွာသူ **(၄၇၂)** ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် **(၉,၄၄၀,၀၀၀/-)** အား

လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



မော်လမြိုင်ကျွန်းမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်ရောခန်းမ၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာသူ (၉၆) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၉၂,၀၀၀/-) အား မော်လမြိုင်ကျွန်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ကျိုက်ပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ မြို့နယ်တိုက်ပွဲရှောင် ပြည်သူ (၅၂၀) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၀,၄၀၀,၀၀၀/-)အား ကျောင်းကုန်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

အင်္ဂပူမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ ပြည်သူ (၄) ဦးအတွက် တစ်ဦးလျှင် (၂၀,၀၀၀/-) ကျပ်နှုန်းဖြင့် ထောက်ပံ့ငွေကျပ် (၈၀,၀၀၀/-) အား အင်္ဂပူမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## မသန်စွမ်းသူများဆိုင်ရာအသင်းအဖွဲ့နှင့် အဖွဲ့အစည်းများမှတ်ပုံတင်ခြင်းအတွက် စိစစ်ဆောင်ရွက်ရမည့် စံလုပ်ထုံးလုပ်နည်း (Standard Operation Procedure- SOP) (မူကြမ်း) အား အတည်ပြုနိုင်ရေးအတွက် ရေးဆွဲရေးလုပ်ငန်းအဖွဲ့ (Task Force) အဖွဲ့ဝင်များနှင့် အပြီးသတ် ညှိနှိုင်းအစည်းအဝေး



မသန်စွမ်းသူများဆိုင်ရာ အသင်းအဖွဲ့နှင့် အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းအတွက် စိစစ်ဆောင်ရွက်ရမည့် စံလုပ်ထုံးလုပ်နည်း (Standard Operation Procedure- SOP) (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းအဖွဲ့ (Task Force)အဖွဲ့ဝင်များနှင့်အပြီးသတ်ညှိနှိုင်း အစည်းအဝေးကို (၃-၂-၂၀၂၅)ရက်နေ့၊ နေ့လယ်(၁၃:၀၀)နာရီတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ Task Force အဖွဲ့ခေါင်းဆောင် ဒုတိယအမြဲတမ်းအတွင်းဝန်၊ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာများမှ Task Force အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။



## ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း



မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ) ၌ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅)ကို ကျိုင်းတုံမြို့နယ်၊ ယန်းခအုပ်စု၊ ခြေလှမ်းသစ်ဂေဟာ၌ ၁၇-၂-၂၀၂၅ ရက်နေ့မှ ၂၈-၃-၂၀၂၅ ရက်နေ့အထိ သင်တန်းသား (၃၀)ဦး ဖြင့် သင်တန်းကာလ (၄၀) ရက်ကြာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ၂၅-၂-၂၀၂၅ ရက်နေ့တွင် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသားများ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

## (၃၁) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု အစည်းအဝေး ကျင်းပဆောင်ရွက်

မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန တို့ပူးပေါင်း၍ (၃၁) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ (၆) ရက်နေ့တွင် ရန်ကုန်မြို့ Park Royal Hotel ၌ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ မြန်မာ-ထိုင်း နှစ်နိုင်ငံ ညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်း ဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၈)ဦးနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော ထိုင်းကိုယ်စားလှယ် အဖွဲ့(၁၇)ဦးတို့ ပါဝင် တက်ရောက်ခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမင်းသိဏ်းက အဖွင့် အမှာစကားပြောကြားရာတွင် မြန်မာ-ထိုင်း (၂) နိုင်ငံ အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် အထူးသဖြင့်လူကုန်ကူးခံရသူများအားကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် ဆောင်ရွက်ခဲ့သည်မှာ ၂၀၀၈ ခုနှစ်ကတည်းက ဖြစ်ကြောင်း၊ ယနေ့ခေတ် ကမ္ဘာပေါ်တွင် နည်းပညာနှင့် အင်တာနက် ဆက်သွယ်အသုံးပြုမှုများသည် ထင်ရှားစွာ တိုးတက် ထွန်းကားလာသည်နှင့်အမျှ လူကုန်ကူးမှုပုံစံများ၊ လမ်းကြောင်းများသည် အမြဲပြောင်းလဲ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ အထူးသဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scams) နှင့် လောင်းကစားမှု(Online Gambling)များကို အတင်း အကျပ်ကျူးလွန်စေသည့် လူကုန်ကူးမှုပုံစံ

အသစ် ဖြစ်ပေါ်နေပြီး၊ ယင်းသို့ ဖြစ်ပေါ် လာသော ပုံစံသစ်များကို လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှု အဖြစ် အမည်တပ်လာသည်ကို လေ့လာတွေ့ရှိရပါ ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်း လိမ်လည်မှု များကို ထိရောက်စွာတားဆီးနှိမ်နင်းလျက်ရှိ ပါကြောင်း၊ ယင်းသို့ပြောင်းလဲ ဖြစ်ပေါ်နေသည့် လူကုန်ကူးမှု ပုံစံသစ်များကို ထိရောက်စွာတားဆီး နိုင်ရန်နှင့် လူကုန်ကူးခံရသူများကို အချိန်မီကယ်တင် ကူညီ စောင့်ရှောက် ပေးနိုင်ရန်အတွက် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာအောင် မြှင့်တင် နိုင်ရန်လည်း အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့ နှစ်နိုင်ငံအကြား ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီး နားလည်မှုများနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လူကုန်ကူးမှုပုံစံအမျိုးမျိုးကို တားဆီးတိုက်ဖျက်ရေးနဲ့ လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေး များတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက် သွားမည်ကိုကတိပြုပြော ကြားလိုပါကြောင်း၊ ထိုင်းနိုင်ငံ သို့ နည်းလမ်းအမျိုးမျိုးနဲ့ သွားရောက်အလုပ်အကိုင် အခွင့်အလမ်း ရှာဖွေကြရာမှ လူကုန်ကူးခြင်းခံရသည့် မိမိတို့ မြန်မာနိုင်ငံသားများကို ကူညီကယ်ဆယ်ပေးပြီး၊ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးသည့် အပြင် ၎င်းတို့ရသင့်သည့် အခွင့်အရေး၊ ရပိုင်ခွင့်များကို ဥပဒေ နဲ့အညီ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးနေသည့် ထိုင်းနိုင်ငံအစိုးရနှင့် လူမှုဖွံ့ဖြိုး တိုးတက်ရေးနှင့် လူသား လုံခြုံရေးဝန်ကြီးဌာနကို အထူးကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နိုင်ငံသား လူကုန်ကူးခံရသူများ၏ ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးများကို ၎င်းတို့၏ဆန္ဒတွေနဲ့အညီ ဖြည့်ဆည်း ဆောင်ရွက်ပေးနေခြင်း၊ အလုပ်အကိုင်တွေ ရှာဖွေပေးပြီး တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးနေခြင်း၊ ၎င်းတို့ ရသင့်ရထိုက်သည့် လျော်ကြေး၊ နစ်နာကြေး၊ လုပ်ခလစာစသည်များ ရရှိ နိုင်ရေး ဆောင်ရွက်ပေးနေသည့်အပြင် ထိုင်းနိုင်ငံ အစိုးရအနေနဲ့ ထောက်ပံ့မှုပေးနေသည်များ အားလုံး အတွက် ဝမ်းမြောက်မိပါကြောင်းနဲ့ အထူးကျေးဇူးတင် ရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီ ဌာနအနေဖြင့် လူကုန်ကူးခံရသူ များ၏ ရေရှည်တည်တံ့ ခိုင်မြဲသော ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနဲ့ ပြန်လည်ထူထောင်ရေးအတွက် နောက်ဆက်တွဲစောင့် ရှောက်မှုတွေပြုလုပ်ပြီး၊ ၎င်းတို့ တစ်ဦးချင်းစီ၏ လိုအပ်ချက်များအရ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၅၀၀)ခန့်နှင့် ညီမျှသည့် ပြန်လည် ထူထောင်ရေးထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား လူကုန်ကူး ခံရသူများကို လုံခြုံစိတ်ချမှုရှိစွာ အမြန်ဆုံးပြန်လည် လွှဲပြောင်း လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံဘက်မှ ဆောင်ရွက် ရမည့် နိုင်ငံသားစိစစ်ခြင်း၊ မိသားစုစုံစမ်းခြင်းတွေကို အမြန်ဆုံးပြီးမြောက်အောင် ဆောင်ရွက် ပေးသွားမှာ ဖြစ်သည့်အပြင် ထိုင်းနိုင်ငံအနေဖြင့် တရားစီရင်ရေး လုပ်ငန်းစဉ်များကိုလည်း ဖြစ်နိုင်သမျှ မြန်မြန်ပြီးစီး အောင် သက်ဆိုင်ရာ ဌာနများနဲ့ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ဖို့ မျှော်လင့်ပါကြောင်းနှင့် ယနေ့ အစည်းအဝေးသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီး ဌာနမှ အမြဲတမ်းအတွင်းဝန် Mr. Anukul Peedkaew နှင့်တကွ ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်များ အားလုံးကို ကျေးဇူးတင် ရှိပါကြောင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက် ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန် Mr. Anukul Peedkaew က ကျေးဇူးတင် စကားပြောကြားရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုကြောင့် အောင်မြင်မှုများစွာ ရရှိခဲ့ပါ ကြောင်း၊ အထူးသဖြင့် ယခုလိုအစည်းအဝေး ဆောင်ရွက်ခြင်းအားဖြင့်လူကုန်ကူးခြင်းခံရသူများအား

ကြိုတင်ကာကွယ်ခြင်း ဆောင်ရွက်နိုင်သည့်အပြင် လူကုန်ကူး ခံရသူ၏ ရသင့်ရထိုက်သည့် အခွင့်အရေး၊ တရားစီရင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို များစွာ အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြားတွင်အလုပ်သမားဆိုင်ရာကိစ္စ၊လူကုန်ကူး တားဆီး နှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များကို လည်း စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့သည် ဖြစ်ပါကြောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ နိုင်ငံတစ်နိုင်ငံတည်း ဖြေရှင်း၍မရကြောင်း၊ ထို့ကြောင့် မြန်မာ-ထိုင်း နှစ်နိုင်ငံအပြင် အခြားနိုင်ငံများသည်လည်း ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရှုထောင့်မျိုးစုံ၊ နည်းလမ်းပေါင်းမျိုးစုံနှင့် လူကုန်ကူးမှုမခံရအောင် ကာကွယ်တားဆီးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ယင်းနောက် ထိုင်း လူကုန်ကူးခံရသူများ-ကြိမ်မြောက် မြန်မာ(၃၁) အား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု အစည်းအဝေးအား နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင် များဦးဆောင်၍ ဆက်လက်ကျင်းပခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်(၁၁)ချက်အား အတည်ပြုနိုင်ခဲ့ပါသည်။ ညနေပိုင်းတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များသည် အစည်းအဝေး အောင်မြင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အမှတ်တရ လက်ဆောင် ပစ္စည်းများပေးအပ် ဖလှယ်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ (၂၄)ရက်နေ့တွင် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကို ကျင်းပပြုလုပ်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ပါသည်။

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် "မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၄)" သည် ဆယ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ကော်မတီဝင်ဝန်ကြီးများ၊ ဌာနများအနေဖြင့် မဟာဗျူဟာပါ လုပ်ငန်းရပ်များနှင့် ချိတ်ဆက်ပြီး (၁၀)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို စုစည်း၍ အားသာချက်၊ အားနည်းချက်များကို မှတ်တမ်းပြုစုသွားကြရန် လိုအပ်ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် အပိုင်း(၂) ပိုင်းရှိရာ ပထမအပိုင်းသည် လုပ်ငန်းရှင်နှင့် အလုပ်သမားတို့က အချိုးကျထည့်ဝင်ပြီး နိုင်ငံတော်မှလည်း သင့်တင့်သည့် ထည့်ဝင်မှုများဖြင့် ဆောင်ရွက်သည့် လူမှုရေးအာမခံစနစ် (Social Insurance System) ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့တို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအပိုင်းသည် နိုင်ငံတော်မှ မတည်ထည့်ဝင်ငွေနှင့် ပုဂ္ဂလိက စေတနာရှင်များက ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးထောက်ပံ့မှု အစီအစဉ် (Social Assistance Scheme) ဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်စပ်၍ လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection) လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့် ကျင့်ထုံးများကို အဖွဲ့ဝင် နိုင်ငံအချင်းချင်းဖလှယ်နိုင်ရေး ရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအသင်း (International Social Security Association-ISSA)ကို ၁၉၂၇ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့ မှစ၍ နိုင်ငံပေါင်း (၁၆၃) နိုင်ငံမှ အသင်းအဖွဲ့အစည်းပေါင်း (၃၃၈) ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့အပြင် အာဆီယံလူမှုဖူလုံရေးအသင်း (ASEAN Social Security Association-ASSA) ကိုလည်း လူမှုဖူလုံရေးဆိုင်ရာ ကောင်းမွန်သည့်အတွေ့အကြုံများနှင့် အလေ့အကျင့်များ မျှဝေနိုင်ရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် သဘောတူညီမှု စာချွန်လွှာ (Memorandum of Agreement) ရေးထိုး၍ ဝင်ရောက်ဆောင်ရွက်လျက်ရှိပြီး အာဆီယံ (၁၀) နိုင်ငံမှ လူမှုဖူလုံရေး အဖွဲ့အစည်း (၂၀) ခုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေး အထောက်အပံ့ပေးရေး အစီအစဉ်ဖြစ်သည့် အသက် (၈၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ် (Social Pension) နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့ခြင်း အစီအစဉ် (Maternal and Child Cash Transfer Program – MCCT) တို့မှ အကျိုးခံစားခွင့်ရှိသူများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများ မှတစ်ဆင့် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ အသက်(၂) နှစ်အောက် ကလေးငယ် အားလုံး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန်တာဝန်ရှိသူများကဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများရှိပါကြောင်း၊ တစ်ကမ္ဘာ

လုံးအနေဖြင့် GDP တွင် လူမှုကာကွယ် စောင့်ရှောက်ရေး အသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်းသည် ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဝင်ငွေအနည်းဆုံးနိုင်ငံများအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ နိုင်ငံအလိုက် ထောက်ပံ့မှုများကို လေ့လာ၍ မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေအရသက်ကြီးရွယ်အိုများအတွက် လျှော့ပေါ့သက်သာခွင့် ရရှိနိုင်ရေး အတွက် သက်ကြီးရွယ်အို သက်သေခံကတ်ပြားထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး ပထမအဆင့်အနေဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာနည်းဥပဒေများပါကင်းလွတ်ခွင့်နှင့်လျှော့ပေါ့သက်သာခွင့်များကို သက်ဆိုင်ရာ ဝန်ကြီးဌာန အလိုက် မိမိတို့ လုပ်ဆောင်ပေးနိုင်မည့် ဝန်ဆောင်မှုများအပေါ် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့သက်သာခွင့်များအား ညှိနှိုင်းခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဝန်ဆောင်မှုများအလိုက် ကင်းလွတ်ခွင့်နှင့် ရာခိုင်နှုန်းအလိုက် လျှော့ပေါ့ သက်သာခွင့်များကို ကော်မတီအနေဖြင့် အများပြည်သူသိရှိနိုင်ရေးအမိန့်ကြော်ငြာစာထုတ်ပြန်ပေးခြင်း၊တတိယအဆင့်အနေဖြင့်သက်သေခံကတ်ပြားများကိုင်ဆောင် အသုံးပြုရန် အသက်အပိုင်းအခြားအလိုက် သက်ကြီးရွယ်အိုများ စာရင်းကောက်ယူခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပေးခြင်းတို့ကိုအဆင့်ဆင့်ဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ထို့အပြင်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များ ကိုလည်း အမြဲမပြတ် Update ဖြစ်စေရန် ဆောင်ရွက် ကြရမည်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေး ကြရန်လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းကလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်များ၊ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အလုပ်သမား ဝန်ကြီးဌာနအနေဖြင့် အာမခံ အလုပ်သမားများ၏ အကျိုးခံစားခွင့် အပြည့်အဝရရှိရေး၊ ဆေးကုသနိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးများ ကောင်းမွန်လာစေရေးနှင့် ပြည်သူလူထုစိုက်ထုတ်သုံးစွဲသည့်ငွေကြေးလျှော့ပါးလာစေရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများအားလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပါသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးဦးစိုးကြည်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်ထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ပူးပေါင်းလုပ်ဆောင်နေမှုများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြပါသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါကြောင်း သတင်းရရှိခဲ့ပါသည်။